# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ

## (၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃ ။)

Final

# မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေကြမ်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း (၁)<br>အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၃။ | အခန်း (၂)<br>ရည်ရွယ်ချက်များ | ၂ |
| ၄။ | အခန်း (၃)<br>ကော်မတီဖွဲ့စည်းခြင်း | ၃ |
| ၅။ | အခန်း (၄)<br>ကော်မတီ၏ တာဝန်များ | ၃ |
| ၆။ | အခန်း (၅)<br>လိုင်စင်လျှောက်ထားခြင်း | ၄ |
| ၇။ | အခန်း (၆)<br>လိုင်စင်ရရှိသူ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၅ |
| ၈။ | အခန်း (၇)<br>ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်တာဝန်များ | ၆ |
| ၉။ | အခန်း (၈)<br>စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း | ၇ |
| ၁၀။ | အခန်း (၉)<br>အယူခံခြင်း | ၇ |
| ၁၁။ | အခန်း (၁၀)<br>တားမြစ်ချက်များ | ၇ |
| ၁၂။ | အခန်း (၁၁)<br>ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၈ |
| ၁၃။ | အခန်း (၁၂)<br>အထွေထွေ | ၈ |

## မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ

## (၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃ ။ )

## ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

## (၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်၊

(င) **ကော်မတီ**ဆိုသည်မှာ ပုဒ်မ ၄ အရ ဖွဲ့စည်းထားသည့် ပြည်နယ်ဆားလုပ်ငန်း ကော်မတီကို ဆိုသည်၊

(စ) **ဆားလုပ်ငန်းဦးစီးဌာန** ဆိုသည်မှာ ပြည်နယ်ဆားလုပ်ငန်းဦးစီးဌာနကို ဆိုသည်၊

(ဆ) **ပြည်နယ်ဦးစီးဌာနမှူး** ဆိုသည်မှာ ပြည်နယ်ဆားလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူးကို ဆိုသည်၊

(ဇ) **ကြီးကြပ်စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ပုဒ်မ ၁၅ အရ ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့ကို ဆိုသည်၊

(ဈ) **ဆား** ဆိုသည်မှာ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်းအိုင်၊ စိမ့်စမ်း၊ ကန်ရေ၊ တွင်းရေနှင့် သဲမြေတို့ကို အသုံးပြုပြီး ထုတ်ယူရရှိသော ဆား၊ ဆိုဒီယမ်ကလိုရိုဒ်ကို ဆိုသည်၊

(ည) **ဆားထွက်ပစ္စည်း** ဆိုသည်မှာ ဆားကို အခြားဓါတုပစ္စည်းများနှင့် ပေါင်းစပ်၍ထုတ်ယူရရှိသော ဓါတ်ဆားအမျိုးမျိုးကိုလည်းကောင်း၊ ဆားထုတ်ယူပြီး ကျန်ရှိသည့် ကြက်တက်ရည်မှ ထုတ်ယူရရှိသောဓါတ်ဆားအမျိုးမျိုးကိုလည်းကောင်း၊ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်းအိုင်၊ စိမ့်စမ်း၊ ကန်ရေ၊ တွင်းရေနှင့် သဲမြေတို့မှ ထုတ်ယူရရှိသော ဆိုဒီယမ်ဓါတ်ဆားနှင့် ပိုတက်ဆီယမ်ဓါတ်ဆားအမျိုးမျိုးကိုလည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ရေမှော် အမျိုးမျိုးတို့မှ ထုတ်ယူရရှိသော ဓါတုပစ္စည်းအမျိုးမျိုးလည်း ပါဝင်သည်၊

(ဋ) **ဆားထုတ်မြေ** ဆိုသည်မှာ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်နိုင်ရန် ပြည်နယ် အစိုးရအဖွဲ့က သတ်မှတ်သည့်မြေကို ဆိုသည်၊

(ဌ) **လိုင်စင်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအလို့ငှာ ဆားလုပ်ငန်းဦးစီးဌာနက ထုတ်ပေးသော ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်၊

(ဍ) **လိုင်စင်ခ** ဆိုသည်မှာ ဆားထုတ်လုပ်ခွင့်အတွက် ထမ်းဆောင်ရသော အခွန်အခကို ဆိုသည်၊

(ဎ) **ထုတ်လုပ်ခွင့်** ဆိုသည်မှာ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို သဘာဝအားဖြင့် လည်းကောင်း၊ နေလှန်းခြင်းဖြင့်လည်းကောင်း၊ ကြိတ်ခွဲသန့်စင်ခြင်းဖြင့်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်လည်းကောင်း ထုတ်လုပ်ခွင့်ကို ဆိုသည်၊

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သစ်တောပြုန်းတီးမှု မရှိစေဘဲ ဆားနှင့်ဆားထွက်ပစ္စည်းကို ထုတ်လုပ်နိုင်စေရန်၊

(ခ) ဆားထုတ်လုပ်သည့် ပမာဏ၊ ဆားထုတ်မြေများ တိုးချဲ့သတ်မှတ်နိုင်ရန်၊

(ဂ) ပြည်နယ်အတွင်း ဆားထုတ်လုပ်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သော ဆားကွင်းများအား ဆားထုတ်မြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေး ကူညီဆောင်ရွက်ရန်၊

(ဃ) အရည်အသွေးကောင်းမွန်သော ဆားနှင့်ဆားထွက်ပစ္စည်းများ ထုတ်လုပ် ဖြန့်ဖြူး ရောင်းချနိုင်ရေး ပံ့ပိုးကူညီရန်၊

(င) ဆားနှင့် ဆားထွက်ပစ္စည်းကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊

(စ) အိုင်အိုဒင်းအာဟာရချို့တဲ့မှု ရောဂါပပျောက်ရေး အထောက်အကူပြု ဖြစ်စေရန်၊

(ဆ) ဆားနှင့် ဆားထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များသို့ နည်းပညာများ ဖြန့်ဖြူး ပေးရန်။

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်နယ်ဆားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဝန်ကြီး ဥက္ကဋ္ဌ
သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊

(ခ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ဂ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊

(ဃ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန၊

(င) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်မြေစာရင်းဦးစီးဌာန၊

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊

(ဆ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်
စစ်ဆေးရေးဦးစီးဌာန၊

(ဇ) ပြည်နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး
ပြည်နယ်ဆားလုပ်ငန်းဦးစီးဌာန။

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကော်မတီကို ဝန်ကြီး၏ တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၄)
## ကော်မတီ၏ တာဝန်များ

၆။ ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များအောင်မြင်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဆားနှင့်ဆားထွက်ပစ္စည်း၏ စံချိန်စံညွှန်းကို စစ်ဆေးစေခြင်း၊

(ဂ) စံချိန်စံညွှန်းမမီသော ဆားနှင့်ဆားထွက်ပစ္စည်းများစစ်ဆေးတွေ့ရှိပါက လုပ်ငန်းရှင်များအား နည်းပညာရပ်များ ဖြန့်ဖြူးပေးခြင်း၊

(ဃ) လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်းပြီး ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးစေခြင်း၊

(င) လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ လိုင်စင်သက်တမ်းသတ်မှတ်ခြင်း၊ လိုင်စင်သက်တမ်း တိုးခြင်း၊

(စ) လိုင်စင်ရရှိသူက လိုင်စင်သက်တမ်းတိုးရန်လျှောက်ထားသည့်ကိစ္စ၊ အမည်ပြောင်းလျှောက်ထားသည့် ကိစ္စတွင် အငြင်းပွားမှုရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေးခြင်း၊

(ဆ) လိုင်စင်စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဇ) ဆားထုတ်လုပ်မှုနည်းပညာ အကူအညီရရှိရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် ရက်လွန်ဒဏ်ကြေး သတ်မှတ်ခြင်း၊

(ည) ဆားထုတ်လုပ်မှုကြီးကြပ်ခြင်း၊ ကူညီပေးခြင်းများဆောင်ရွက်နိုင်ရန် ပုဒ်မ၁၅ ပါ ကြီးကြပ်စစ်ဆေးရေး အဖွဲ့ကို တာဝန်ပေးခြင်း၊

(ဋ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ရ၍ လိုင်စင်ခသက်သာခွင့်၊ ကင်းလွတ်ခွင့် ပြုရန် လိုင်စင်ရရှိသူက လျှောက်ထားပါလျှင် စိစစ်ပြီး လိုင်စင်ခသက်သာခွင့်၊ ကင်းလွတ်ခွင့် ပြုခြင်း။

## အခန်း(၅)
## လိုင်စင်လျှောက်ထားခြင်း

၇။ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားဖြစ်ထုတ်လုပ်လိုသူသည် ဆားလုပ်ငန်းဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၈။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၇ ပါ လျှောက်လွှာများနှင့် စပ်လျဉ်း၍ ကော်မတီမှလိုင်စင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်ရန် လျှောက်လွှာအား သတ်မှတ်ချက်များနှင့်ညီညွတ်မှု ရှိ၊ မရှိ စိစစ်တင်ပြရမည်။

၉။ ကော်မတီသည် ပုဒ်မ ၈ အရ စိစစ်တင်ပြလာသော လိုင်စင်လျှောက်ထားခြင်းကို ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

၁၀။ ကော်မတီ၏ ဆုံးဖြတ်ချက်အရ ပြည်နယ်ဦးစီးဌာနမှူးသည် ထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးရမည်။

၁၁။ မိသားစုစားသုံးရန် ဆားထုတ်လုပ်ခြင်းအတွက် လိုင်စင်ရယူခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

## အခန်း(၆)
## လိုင်စင်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ လိုင်စင်ရရှိသူသည် ကော်မတီမှသတ်မှတ်ထားသော အောက်ပါအခွန်အခများကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဆားလုပ်ငန်းဦးစီးဌာနသို့ ပေးသွင်းရမည် -

(က) လိုင်စင်ခ၊

(ခ) လိုင်စင်သက်တမ်းတိုးမြှင့်ခ၊

(ဂ) ရက်လွန်ဒဏ်ကြေး။

၁၃။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဆားလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်သည့် ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်၊

(ခ) စားသုံးရန်အလို့ငှာ ထုတ်လုပ်သောဆားများတွင် အိုင်အိုဒင်းအာဟာရအား သတ်မှတ်ချက်နှင့် အညီ ဖြည့်စွက်ရမည်၊

(ဂ) ထုတ်လုပ်မှုစာရင်းဇယားများကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်၊

(ဃ) ဆားလုပ်ငန်းဦးစီးဌာနနှင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့က တောင်းခံသော လုပ်ငန်းစာရင်း ဇယားများကို တင်ပြရမည်၊

(င) ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်၊

(စ) သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်း ထုတ်လုပ်ရမည်၊

(ဆ) လုပ်ငန်းရပ်နားလိုပါက ခိုင်လုံသောအကြောင်းပြချက်ဖော်ပြ၍ ကော်မတီသို့ ဆားလုပ်ငန်းဦးစီးဌာနမှ တစ်ဆင့် တင်ပြရမည်။

၁၄။ လိုင်စင်ရရှိသူ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ထုတ်လုပ်သော ဆားနှင့်ဆားထွက်ပစ္စည်းအား လွတ်လပ်စွာ ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ခ) ဆား နှင့် ဆားထွက်ပစ္စည်း အရည်အသွေးကောင်းမွန်ရေးအတွက် ဆားလုပ်ငန်းဦးစီးဌာနမှ နည်းလမ်းနှင့် နည်းပညာများ ရယူနိုင်ခြင်း၊

(ဂ) ဆားနှင့်ဆားထွက်ပစ္စည်းအား ဥပဒေနှင့်အညီ ပြည်ပသို့တင်ပို့ရောင်းချ နိုင်ခွင့်ရှိခြင်း၊

(ဃ) ဆားထုတ်မြေကို ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်၊ လွှဲပြောင်းခွင့်၊ ပေါင်နှံခွင့်၊ ရောင်းချခွင့်ရှိခြင်း၊

(င) အစိုးရအဖွဲ့၏ထောက်ခံချက်ဖြင့် လိုအပ်သောအရင်းအနှီးအား ဘဏ်မှချေးယူခွင့်ရှိခြင်း၊

(စ) လိုင်စင်သက်တမ်းတိုး လျှောက်ထားခွင့်ရှိခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုကြုံတွေ့ရပါက လိုင်စင်ခသက်သာခွင့်၊ ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားခွင့်ရှိခြင်း။

## အခန်း(၇)
## ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်တာဝန်များ

၁၅။ ကော်မတီသည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် -

(က) ပြည်နယ်ဆားလုပ်ငန်းဦးစီးဌာနမှ ကိုယ်စားလှယ်(၁) ဦး၊ — အဖွဲ့ခေါင်းဆောင်

(ခ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်(၁) ဦး၊ — အဖွဲ့ဝင်

(ဂ) မြို့နယ်မြေစာရင်းဦးစီးဌာနမှ ကိုယ်စားလှယ်(၁) ဦး — အဖွဲ့ဝင်

(ဃ) ပြည်နယ်ဆားလုပ်ငန်းရှင်အသင်းမှ ကိုယ်စားလှယ်(၁) ဦး၊ — အဖွဲ့ဝင်

(င) လိုင်စင်ရ ဆားထုတ်လုပ်သူ ကိုယ်စားလှယ်(၁) ဦး၊ — အဖွဲ့ဝင်

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး။ — အဖွဲ့ဝင်

၁၆။ ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်အတွင်းရှိ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ၏ စာရင်းဇယားများကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(ခ) လိုင်စင်ပါထုတ်လုပ်ဧကနှင့်အညီ ထုတ်လုပ်မှု ရှိ၊ မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(ဂ) ဆား သို့မဟုတ် ဆားထွက်ပစ္စည်းနမူနာ ရယူခြင်း၊ လိုအပ်ပါက ဓါတ်ခွဲစစ်ဆေးနိုင်ရန် တင်ပြခြင်း၊

(ဃ) လိုင်စင်ပါစည်းကမ်းချက်များအား လိုက်နာမှု ရှိ၊ မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်အား ဖောက်ဖျက်မှု ရှိ၊ မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(စ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ကော်မတီသို့ တင်ပြအစီရင်ခံခြင်း။

## အခန်း(၈)

## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၁၇။ ကော်မတီသည် ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏တင်ပြချက်အရ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကြောင်းတွေ့ရှိပါက အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်နိုင်သည် -

(က) လိုင်စင်အား ကာလကန့်သတ်ချက်ဖြင့် ရပ်ဆိုင်းခြင်း၊ လိုင်စင်ပယ်ဖျက်ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း။

၁၈။ ကော်မတီသည် စားသုံးရန်အလို့ငှာ ဖြန့်ဖြူးရောင်းချသော ဆားများတွင် အိုင်အိုဒင်းအာဟာရအား သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ဖြည့်စွက်ရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ဖြန့်ဖြူးရောင်းချသော ဆားနှင့်ဆားထွက်ပစ္စည်းများကို သိမ်းဆည်းနိုင်သည်။

၁၉။ ပုဒ်မ ၁၈ အရ သိမ်းဆည်းသော ဆားနှင့်ဆားထွက်ပစ္စည်းများကို ကော်မတီသည် စီမံခန့်ခွဲနိုင်သည်။

## အခန်း(၉)

## အယူခံခြင်း

၂၀။ ပုဒ်မ ၁၇၊ ၁၈ အရ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ အယူခံနိုင်သည်။

၂၁။ အစိုးရအဖွဲ့သည် ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) အတည်ပြုခြင်း၊

(ခ) ပြင်ဆင်ခြင်း၊

(ဂ) ပြန်လည်စစ်ဆေးစေခြင်း။

၂၂။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၀)

## တားမြစ်ချက်များ

၂၃။ မည်သူမျှ -

(က) စီးပွားရေးအလို့ငှာ လိုင်စင်မရှိဘဲ ဆားနှင့်ဆားထွက်ပစ္စည်း ထုတ်လုပ်ခြင်းမပြုရ၊

(ခ) စားသုံးရန်အလို့ငှာ ထုတ်လုပ်သောဆားများတွင် အိုင်အိုဒင်းအာဟာရအား သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ဖြည့်စွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

## အခန်း(၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၄။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် (၃)လ အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း) အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ တရားရုံးသည် ပုဒ်မ ၂၄ အရ ချမှတ်သည့် ဒဏ်ငွေအား ဆားလုပ်ငန်းဦးစီးဌာနသို့ ပေးသွင်းစေရန် အမိန့်ချမှတ်ရမည်။

## အခန်း(၁၂)
## အထွေထွေ

၂၆။ အစိုးရအဖွဲ့သည် လိုင်စင်ရဆားထုတ်လုပ်သူများ ဆားထုတ်လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရန်၊ လိုအပ်သောအရင်းအနှီးများ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်သည်။

၂၇။ အစိုးရအဖွဲ့သည် ပြည်နယ်အတွင်း ဆားထုတ်လုပ်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သော ဆားကွင်းများအား ဆားထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးရေးအတွက် ဆားထုတ်မြေအဖြစ် ပြောင်းလဲသတ်မှတ် ပေးနိုင်သည်။

၂၈။ လိုင်စင်ရဆားထုတ်လုပ်သူသည် အရည်အသွေးမြင့်ဆားနှင့် ဆားထွက်ပစ္စည်း ထုတ်လုပ်နိုင်ရန် ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့ထံတင်ပြ၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

၂၉။ ဆားလုပ်ငန်းဦးစီးဌာနမှူးသည် လိုင်စင်ခကြွေးကျန်များ၊ ဒဏ်ကြေးငွေများအား မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၃၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

အုန်းမြင့်
ပြည်နယ်ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

Final